Special Advisory Council for
MYANMAR

# မြန်မာနိုင်ငံ၏ ခုခံတော်လှန်ရေး ဦးဆောင်သော နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ် စတင်ပြီဖြစ်သည် - နိုင်ငံတကာအသိုင်းအဝိုင်းမှ အပြည့်အဝ ထောက်ခံရမည်ပင်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်။

မြန်မာစစ်တပ်ပြိုလဲလာသည်နှင့်အမျှ နိုင်ငံတကာအသိုင်းအဝိုင်းသည် အရပ်သားများကို ပြင်းထန်သော စစ်ရာဇဝတ်မှုများမှကာကွယ်ရန်နှင့် မြန်မာနိုင်ငံတွင် လက်ရှိ လုပ်ဆောင်နေသော ခုခံတော်လှန်ရေးဦးဆောင်မှု ပြုသည့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်ကို ထောက်ခံရန် အရေးတကြီးလုပ်ဆောင်ရမည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) က ပြောကြားသည်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကံဆိုးရန် အကြောင်းဆိုက်စေသော မြန်မာစစ်တပ်၏ အာဏာသိမ်းရန် ကြိုးပမ်းမှုကိုတုံ့ပြန်သည့်အနေဖြင့် ပေါ်ပေါက်လာသော ပြည်သူ့တော်လှန်ရေးသည် မြန်မာနိုင်ငံကို အခြေခံအားဖြင့် ပြောင်းလဲစေခဲ့သည်။ မြန်မာစစ်အာဏာရှင်စနစ်ကို ခုခံတော်လှန်ရာတွင် စည်းလုံးညီညွတ်သော တပ်ဖွဲ့များသည် လေးနှစ်အတွင်း စစ်အုပ်စု၏မြေပြင်တပ်များကို တိုက်ခိုက်မှုများတွင် စစ်အုပ်စုအပေါ် မကြုံစဖူးသောရှုံးပွဲများ ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံ၏ ကျယ်ပြန့်သောနယ်မြေများသည် ယခုအခါ ခုခံတော်လှန်ရေးတပ်ဖွဲ့များ၏ ထိရောက်သော ထိန်းချုပ်မှုအောက်တွင် တည်ရှိနေသည်။

လတ်တလောလွတ်မြောက်လာသောဒေသများရှိ အာဏာပိုင်များသည် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် ပြည်သူများအကျုံးဝင်ပါဝင်နိုင်သော အုပ်ချုပ်ရေးစနစ်များကို တည်ဆောက်နေကြသည်။ စစ်အုပ်စုအား တိုင်းရင်းသားဗဟိုချက်မဒေသများမှ မောင်းထုတ်လိုက်သည်နှင့်အမျှ ဖြစ်တည်မှုကြာမြင့်လှပြီဖြစ်သည့် တိုင်းရင်းသားအာဏာပိုင်များသည် ၎င်းတို့၏ စီမံခန့်ခွဲရေးများအား အားကောင်းစေကာ တိုးချဲ့မှုပြုခဲ့ကြသည်။

စစ်အုပ်စုသည် ပြန်လည်ခေါင်းထူနိုင်စွမ်းအလျဉ်းမရှိလေအောင် အားဆုတ်ယုတ်သွားလျက်ပင် ၎င်းထိန်းချုပ်မှုမရှိတော့သောနယ်မြေများတွင် လေကြောင်းတိုက်ခိုက်မှုများနှင့် အမြောက်များအသုံးပြုမှုကို မြှင့်တင်လျက်ရှိပြီး ဖျက်ဆီးခြင်းမဟာဗျူဟာကို ကျင့်သုံးလျက်ရှိသည်၊ ၎င်းထိန်းချုပ်မှုမရှိတော့သော နယ်မြေများမှာလည်း လက်ရှိတွင် နိုင်ငံ၏ နေရာအများစုပင်ဖြစ်သည်။ နေအိမ်များ၊ နေရပ်စွန့်ခွာထွက်ပြေးတိမ်းရှောင်နေသူများအတွက် စခန်းများ၊ ဆေးရုံများ၊ ကျောင်းများ၊ ဈေးများနှင့် ဘာသာရေးအဆောက်အအုံများကို နေ့စဉ်လေကြောင်းမှ တိုက်ခိုက်မှုများသည် မြန်မာနိုင်ငံ၏ အထိခိုက်လွယ်ဆုံးသောပြည်သူများနှင့် ၎င်းတို့အား အရေးပါသော အထောက်အပံ့များပေးသည့် ဒေသခံကွန်ရက်များကို တမင်တကာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းပင်ဖြစ်သည်။

info@specialadvisorycouncil.org
www.specialadvisorycouncil.org
@SpecialCouncil

အာဏာသိမ်းရန်ကြိုးပမ်းစဉ်ကတည်းက အနည်းဆုံး လူပေါင်း ၃.၂ သန်းသည် ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြရသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများအပေါ် စစ်အုပ်စု၏ ပိတ်ဆို့မှုများ၊ အထူးသဖြင့် ၎င်း၏ထိန်းချုပ်မှုပြင်ပရှိဒေသများသို့ ပိတ်ဆို့မှုများသည် အသက်ကယ်ဆယ်ရေး အကူအညီများလိုအပ်နေသော သန်းပေါင်းများစွာသောပြည်သူများထံ မရောက်ရှိစေရန် တားဆီးနေသည်။ မရှိမဖြစ်ပဓာနကျသော ခုခံတော်လှန်ရေးဦးဆောင်သော လူသားချင်းစာနာမှုဆိုင်ရာကွန်ရက်များသည် မနိုင်ဝန်အားထမ်းဆောင်နေရသည်။

ဤကြီးမားပြင်းထန်သောစိန်ခေါ်မှုများရှိနေသော်လည်း စစ်တပ်ကိုဖြိုခွင်းပြီး ဖက်ဒရယ်ဒီမိုကရေစီ မြန်မာနိုင်ငံတော်တည်ဆောက်ရန် ခုခံတော်လှန်ရေးဦးဆောင်သောလုပ်ငန်းစဉ်သည် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေပြီး တားဆီးရပ်ဆိုင်းရန် မရနိုင်ပေ။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ဤလုပ်ငန်းစဉ်အတွက် ပံ့ပိုးမှုကို မြှင့်တင်ရမည်ဖြစ်ပြီး တချိန်တည်းတွင် စစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် နောက်ထပ်သောဒုက္ခများ မပေးနိုင်စေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

SAC-M သည် လေယာဉ်ဆီအပါအဝင် လက်နက်များ၊ နှစ်ဖက်သုံးကုန်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်း အစိတ်အပိုင်းများနှင့် ပစ္စည်းများအပေါ် ပိတ်ဆို့အရေးယူမှုများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် စစ်အုပ်စု၏ လက်နက်ရရှိမှုကို ဖြတ်တောက်ရန် အဖွဲ့ဝင်နိုင်ငံများအား ချက်ချင်းလုပ်ဆောင်ရန် တိုက်တွန်းသည်။ စစ်အုပ်စုထံ လက်နက်များ၊ ခဲယမ်းမီးကျောက်များနှင့် စစ်ဘက်ဆိုင်ရာပစ္စည်းကိရိယာများ ထောက်ပံ့ပေးသော နိုင်ငံများနှင့် ပုဂ္ဂလိကကုမ္ပဏီများသည် စစ်ရာဇဝတ်မှုများကျူးလွန်ရာတွင် ပါဝင်ကျူးလွန်သော ကြံရာပါဖြစ်နိုင်ပြီး ၎င်းသည် နိုင်ငံတကာရာဇဝတ်မှုတမှုပင်ဖြစ်သောကြောင့် ဤလုပ်ငန်းများကို ချက်ချင်းရပ်တန့်သင့်ကြောင်း SAC-M မှ အလေးပေးပြောကြားသည်။

မြန်မာ့အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် နိုင်ငံတကာအလှူရှင်များသည် တရားဝင်ဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ တိုင်းရင်းသားခုခံတော်လှန်ရေးအဖွဲ့အစည်းများ (EROs) နှင့် ကျယ်ပြန့်သော အရပ်ဘက်လူ့အဖွဲ့အစည်းများအပါအဝင် ခုခံတော်လှန်ရေးအာဏာပိုင်များနှင့် ပူးပေါင်းညှိနှိုင်းပြီး လွတ်မြောက်နယ်မြေများရှိ ပြည်သူများထံ အပူတပြင်းလိုအပ်သော လူသားချင်းစာနာမှုအကူအညီများအား ပေးပို့ရမည်ဖြစ်သည်။

တချိန်တည်းတွင် မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီအနာဂတ်အတွက် အခြေခံအုတ်မြစ်များကို ချမှတ်နေပြီဖြစ်သည့် NUG၊ EROs၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ၊ ဖက်ဒရယ်နှင့် ကြားကာလ အုပ်ချုပ်ရေးစနစ်များနှင့် ကျယ်ပြန့်သောအရပ်ဘက်လူ့အဖွဲ့အစည်းများအပါအဝင် ခုခံတော်လှန်ရေး ဦးဆောင်သော နိုင်ငံရေးလုပ်ငန်းစဉ်များကိုလည်း နိုင်ငံတကာအထောက်အပံ့များ ပေးအပ်သင့်သည်။ ဤကြိုးပမ်းအားထုတ်မှုများသည် မြန်မာပြည်သူများ၏ ဒီမိုကရေစီဆိုင်ရာပြင်းပြသောဆန္ဒနှင့် ရည်မှန်းချက် များကို ထင်ဟပ်စေပြီး ထိုအားထုတ်မှုများအား နိုင်ငံတကာမှ ၎င်းတို့အလိုကျ ဝင်ရောက်ခြယ်လှယ်ခြင်းမရှိပဲ ထောက်ခံကူညီသင့်သည်။

Special Advisory Council for

# MYANMAR

စစ်အုပ်စု၏ ၂၀၂၅ ခုနှစ် အတုအယောင်ရွေးကောက်ပွဲအစီအစဉ်သည် နိုင်ငံတကာအသိုင်းအဝိုင်းမှ ငြင်းပယ်သင့်သော ဖြစ်နိုင်ခြေမရှိသည့် ပြည်သူ့ဆက်ဆံရေးလှည့်ကွက်တခုဖြစ်သည်။ တရားမျှတမှုမရှိ၊ ဒီမိုကရေစီနည်းလမ်းမကျ၊ တရားမဝင်သောမဲပေးမှုကို နိုင်ငံ၏တဝက်ထက် နည်းပါးသောဒေသများတွင် ပြုလုပ်ခြင်းသည် စစ်အုပ်စု၏တရားမဝင်မှုကို အဆုံးသတ်မည်မဟုတ်သလို စစ်အုပ်စုခေါင်းဆောင် မင်းအောင်လှိုင်ကိုလည်း ကယ်တင်နိုင်မည်မဟုတ်ပေ။ ၎င်းသည် မြန်မာနိုင်ငံ၏ မတည်ငြိမ်မှုကိုသာ ပိုမိုကြာရှည်စေမည်ဖြစ်သည်။

မြန်မာစစ်တပ်၏ အကြမ်းဖက်မှုဇာစ်မြစ်ဖြစ်သော ရာဇဝတ်မှုကျူးလွန်သူများ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရရှိနေမှုအား အဆုံးသတ်ခြင်းအားဖြင့်သာ ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ရရှိနိုင်မည်ဖြစ်သည်။ ရိုဟင်ဂျာများအပေါ်ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများတွင် မင်းအောင်လှိုင်၏အခန်းကဏ္ဍအတွက် ၎င်းအားဖမ်းဝရမ်းထုတ်ပေးရန် နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (ICC) ၏ တရားလိုရှေ့နေရုံးမှ နိုဝင်ဘာလတွင်တင်ပြခဲ့သောလျှောက်လွှာသည် သမိုင်းဝင် ခြေလှမ်းတခုဖြစ်သည်။ SAC-M မှ ICC ၏ တရားသူကြီးများအား မင်းအောင်လှိုင်အား နောက်ထပ် နှောင့်နှေးခြင်းမရှိဘဲ ဖမ်းဝရမ်းထုတ်ပေးရန် တိုက်တွန်းပါသည်။ ထို့အပြင် SAC-M သည် တရားလိုရှေ့နေအား မြန်မာစစ်တပ်၏ ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးမှုတိုးချဲ့ဆောင်ရွက်ရန်နှင့် ၎င်းရာဇဝတ်မှုများနှင့်စပ်လျဉ်းသော တာဝန်ရှိသူများကို ဖမ်းဝရမ်းများထပ်မံထုတ်ပေးရန် တိုက်တွန်းလိုက်ပါသည်။